
အောင်လေး(အညာတရ)
ဆရာအောင်
နှင့်
နတ်ကဝေတိုက်ပွဲ

# ဆရာအောင်နှင့် နတ်ကဝေတိုက်ပွဲ

ဆရာအောင် ညီမသုံးဖော်သိုက်ကို ကူညီပေးပြီးနောက် မင်းခရွာလေးရဲ့ စေတီလေးမှာ အနားယူပြီး မနက်ရောက်တော့ ခရီးဆက်လေ၏။ အဲဒီလို လွယ်အိတ်တစ်လုံးကို လွယ်ကာ ခရီးဆက်လာတာ နေ့လယ်ဘက် နေမွန်းတည့်ချိန်ရောက်ပြီ ဖြစ်တာကြောင့် တစ်နေရာရာတွင် အနားယူရန် ဘေးဘီဝဲယာကို ကြည့်လိုက်လေ၏။

"ဟင်"

ဆရာအောင် မျက်လုံးပြူးသွားတယ်။ သူ့ရဲ့အရှေ့ဘက်ခြမ်းက သစ်ပင်ကြီး တစ်ပင်ရဲ့အောက်မှာ ဒဏ်ရာတွေနဲ့လဲနေတဲ့ လူတစ်ယောက်ကို တွေ့ရတယ်။

ဒါနဲ့ သစ်ပင်အနားကို ရောက်အောင်သွားပြီး လဲကျနေတဲ့လူကို အကျိုးအကြောင်းမေးရန် လက်မောင်းလေးကို လှမ်းကိုင်လိုက်စဉ် လဲကျနေတဲ့လူက"အား"ဆိုပြီး နာကျင်စွာ အော်လိုက်တယ်။

လဲကျနေတဲ့လူက ဆရာအောင်ကို ဒေါသမီး ဝင်းဝင်းတောက်နေတဲ့ မျက်လုံးနဲ့ကြည့်ကာ ...

"ဟေ့ကောင် မင်းတို့ ထပ်လိုက်လာပြန်ပြီ မင်းတို့တွေ အရှက် မရှိကြဘူးလား တစ်ယောက်တည်းကို မင်းတို့တွေလိုက်ပြီး တိုက်ခိုက်နေတာ"

ဆရာအောင်က ထိုလူရဲ့ စကားအဓိပ္ပာယ်တွေကို နားမလည်တာကြောင့် ...

"မ … မဟုတ် …"ဆရာအောင်စကားပင် မဆုံးလိုက် လဲကျနေတဲ့လူက ဆရာအောင်ကို လက်ကာပြီပြီး …

"ဘယ်လို ကလိမ်ကကျစ်ဉာဏ်တွေ ထုတ်ဦးမလို့လဲ"

လဲကျနေတဲ့သူက အဲဒီလိုပြောနေချိန် ကောင်းကင်ကနေ လူနှစ်ယောက် စက်ကြိုးစီးပြီး ဆင်းလာတယ်။ အဲဒီလူနှစ်ယောက်လည်း လဲကျနေတဲ့လူအနားကို ဖြည်းဖြည်းချင်း လမ်းလျှောက်လာပြီး …

"မိုးကြိုးမင်းက တယ်အသက်ပြင်းပါလား"

"ဟင်း … မင်းတို့လို မိစ္ဆာတွေလောက်တော့ ငါအသက်မပြင်းပါဘူး"

"တောက် … ဘာကွ"

မိုးကြိုးရဲ့စကားကြောင့် လူနှစ်ယောက်မျက်နှာတွေ တင်းမာသွားပြီး လက်ဖဝါးကနေ အနီရောင် စက်တန်းတွေကို ထုတ်ပြီးပစ်လိုက်တယ်။ စက်တန်းက လျှင်မြန်လွန်းတာကြောင့် မိုးကြိုးကို ထိမှန်တော့မည့်အချိန် ဆရာအောင်က မနေနိုင်တော့ပဲ စက်တွေကိုတားကာ လူနှစ်ယောက်ဘက်ကို ပြန်ဆောင့်တွန်းလိုက်တယ်။

လူနှစ်ယောက်ကလည်း သတိကြီးစွာနဲ့ စက်တွေကို ရှောင်ရှားလိုက်၏။ အဲဒီအခါ စက်တန်းတွေက သူတို့ရဲ့အနောက်က သစ်ပင်ကို ထိမှန်ကာ ပြာဖြစ်သွားတယ်။ လူနှစ်ယောက်လည်း ရုတ်တရက် အတိုက်ခိုက်ခံလိုက်ရတာကြောင့် စိတ်တိုဒေါသ ထွက်သွားပြီး …

"မင်းဘယ်သူလဲ ဘာလို့ ငါတို့ကိစ္စ ဝင်ရှုပ်တာလဲ"

"ကျုပ် ဘယ်သူလဲဆိုတာထက် ခင်ဗျားတို့က သူ့ကို ဘာလို့ဝိုင်းပြီး တိုက်ခိုက်နေကြတာလဲ"

"အဲဒါ မင်းကိစ္စမဟုတ်ပါဘူး မသေချင်ရင် ကိုယ့်လမ်းကိုယ်သွား"

"ကျုပ်က မသွားနိုင်ဘူး ဆိုရင်ကော"

"တောက် ... ဒီကောင်ကတော့ကွာ"လူနှစ်ယောက်တည်းက တစ်ယောက်က စိတ်တို ဒေါသထွက်သွားပြီး တိုက်ခိုက်ဖို့လုပ်တဲ့အချိန် သူ့ဘေးက တစ်ယောက်က တားလိုက်ပြီး ...

"သူရိန်ပြန်ကြမယ် သခင်ကြီး ခေါ်နေပြီ"

သခင်ကြီးဆိုတဲ့ အမည်နာမကြောင့် သူရိန် ခြေလှမ်းတွေ ရပ်တန့်သွားပြီ ...

"ဒီနေ့တော့ မင်းတို့နှစ်ယောက်လုံး ကံကောင်းသွားတယ်။ နောက်ခါ ငါနဲ့ မဆုံပါစေနဲ့ဆုတောင်း ငါကသက်ညှာပေးမှာ မဟုတ်ဘူး"

သူရိန်က အဲဒီလိုပြောပြီး သူ့ဘေးကလူနဲ့အတူ ကောင်းကင်ပေါ်ကို စက်ကြိုးလွှတ်ကာ ပျံသန်း ပျောက်ကွယ်သွား၏။

သူရိန်တို့ပြန်သွားတော့ မိုးကြိုးက ဆရာအောင်ကို အားနာတဲ့ မျက်နှာထားတဲ့ကြည့်ကာ ...

"ဒီကမိတ်ဆွေကို တောင်းပန်ပါတယ်ဗျာ ဟိုကောင်တွေနဲ့ တစ်ဖွဲ့တည်း ထင်လို့ပါ"

"ရပါတယ် ဒါနဲ့ဟိုလူတွေကို မိတ်ဆွေကို ဘာလို့ လိုက်ပြီး တိုက်ခိုက်နေတာလဲ"

"ဒီလိုပါ ရှေးယခင်ကတည်းက မိုးကြိုးနဲ့ပန်ဏဆိုတဲ့ နတ်ကဝေဂိုဏ်းကြီး နှစ်ခု ရှိခဲ့တယ်။ အဲဒီဂိုဏ်းနှစ်ဂိုဏ်းက မတည့်ကြဘူး တိုက်ပွဲတွေ ခဏခဏ ဖြစ်တယ်။ ဒါပေမဲ့ အဲဒီဂိုဏ်းနှစ်ဂိုဏ်းက နတ်ကဝေကြီးတွေက နောင်ရေးကိုရှေးရှုပြီး ဂိုဏ်းနှစ်ဂိုဏ်း နားလည်မှုယူပြီး တိုက်ပွဲမဖြစ်အောင် စည်းစောင့်ပြီး နေခဲ့ကြတယ်။ ဒီလိုနဲ့နှစ်တွေ ကြာလာတာနဲ့အမျှ ဂိုဏ်းကြီး

နှစ်ဂိုဏ်းက ခေါင်းဆောင်တွေလည်း တစ်ယောက်ပြီးတစ်ယောက် ပြောင်းလာတယ် ဒါပေမဲ့ နှစ်တွေ ကြာလာတော့ ဂိုဏ်းနှစ်ဂိုဏ်းက စည်းကမ်းချက်တွေက မှေ့မှေ့ပျောက်ပျောက် ဖြစ်လာသလို ပန်ဏဂိုဏ်းက နတ်ကဝေတွေကလည်း မိုးကြိုးဂိုဏ်းကို တိုက်ခိုက် သိမ်းပိုက်ချင်လာတယ်။

တစ်နေ့မှာ ပန်ဏဂိုဏ်းကနတ်ကဝေက ရှေးယခင်က စည်းကမ်းချက်တွေကို ချိုးဖောက်ပြီး မိုးကြိုးဂိုဏ်းကို အကွက်ချပြီး ဝင်ရောက်တိုက်ခိုက်တယ်။ မိုးကြိုးဂိုဏ်းကလည်း ရုတ်တရက် တိုက်ခိုက်ခံရတာကြောင့် ပြန်လည်ခုခံပေမဲ့ အင်းအားခြင်း မမျှတာကြောင့် ကြာကြာ မခုခံနိုင်ပဲ ထွက်ပြေးကုန်ကြတယ်။ မိုးကြိုးဂိုဏ်းက ခေါင်းဆောင်ကလည်း ပန်ဏဂိုဏ်းရဲ့လက်ချက်နဲ့ သေဆုံးသွားခဲ့တယ်။ မိုးကြိုးဂိုဏ်းခေါင်းဆောင်ရဲ့ သားဖြစ်သူကတော့ ထွက်ပြေးတိမ်းရှောင်ရင်း ဒီနားကို ရောက်လာခဲ့တာပါ"

"ဟင် ဒါဆိုရင် မိတ်ဆွေက မိုးကြိုး ဂိုဏ်းခေါင်းဆောင်ရဲ့သားပေါ့"

"ဟုတ်ပါတယ် ကျွန်တော်က မိုးကြိုးဂိုဏ်းရဲ့တစ်ဦးတည်းသော အမွေဆက်ခံသူပါ ဒါကြောင့်လည်း ကျွန်တော်လည်း သူရိန်တို့ လိုက်ပြီးတိုက်ခိုက်နေတာပါ"

"ဪ ဒါဆို တခြားဂိုဏ်းသားတွေကော"

ဆရာအောင်ရဲ့စကားကြောင့် မိုးကြိုး သက်ပြင်းရှည်ကြီးကိုချကာ ...

"ဟင်း ... သစ္စာရှိတဲ့ဂိုဏ်းသားတွေကတော့ ဂိုဏ်းကို ကာကွယ်ရင်းနဲ့ အသက်တွေ ဆုံးရှုံးသွားကြတယ်။ သစ္စာမရှိတဲ့ ဂိုဏ်းသားတွေကတော့ သေမှာကြောက်ပြီး ပန်ဏဂိုဏ်းရဲ့ လက်အောက်ကို ခိုဝင်ကုန်ကြတယ်"

"ဟာ ... တော်တော် သစ္စာမရှိတဲ့ ဂိုဏ်းသားတွေပါလား"

"ဟုတ်တယ်ဗျ ကျုပ်အဖေနဲ့ကျုပ်ကတော့ ဂိုဏ်းသားတချို့အပေါ်ကို

ယုံကြည်မှု လွန်ကဲခဲ့တာလည်း ပါ ပါတယ်"

"ဟင်း ... ဘယ်တတ်နိုင်ပ့ါမလဲ ကံတရားပေ့ါ"

ဆရာအောင် အဲဒီလိုပြောပြီး သက်ပြင်းရှည်ကြီးကို ချလိုက််၏။ မိုးကြိုးက လဲကျနေတဲ့မြေပြင်ကနေ ကုန်းထမယ်အလုပ် အားနည်းနေတာကြောင့် မ ထနိုင်ပဲဖြစ်နေ၏။ ဒါကိုမြင်တော့ ဆရာအောင်က ...

"နေပါ မိတ်ဆွေ ကျုပ်ကူညီမယ်"

ဆရာအောင်က အဲဒီလိုပြောပြီး မိုးကြိုးရဲ့ခေါင်းကနေပြီး ခြေဖျားအထိကို လက်နဲ့သပ်ချလိုက််၏။ အဲဒီအခါ မိုးကြိုးရဲ့ ခန္ဓာကိုယ်က ဒဏ်ရာတွေက ယူ ပစ်သလို ပျောက်သွားပြီး အားတွေလည်း ပြန်ပြည့်လာတယ်။ မိုးကြိုးလည်း သူ့ခန္ဓာကိုယ်က အားတွေ ပြည့်လာတာကြောင့် အံ့သြ ဝမ်းသာသွားပြီး ...

"ကျေးဇူး အများကြီးတင်ပါတယ် မိတ်ဆွေ ပညာက အတော်ထက်တာပဲ"

"ထင်လို့ပါ မိတ်ဆွေ"

"ဟင်း ... ဟင်း ထားပါတော့လေ ဒါနဲ့မိတ်ဆွေက ဘယ်သွားမှာလဲ"

"ကျွန်တော်က ခုနစ်ရက်သားသမီးတွေကို ကယ်တင်နေတာဆိုတော့ နေရာ အတည်တကျမရှိဘူး ခေါင်းချတဲ့နေရာက ကျွန်တော့်နေရာပဲပေ့ါ"

"အင်း ... ဒါဆိုရင် မိတ်ဆွေနောက်ကို ကျုပ်လည်း လိုက်လို့ရလား"

"ဟင် နတ်ကဝေတစ်ယောက်အား လူသားတွေကို ဝိုင်းဝန်းကယ်တင် မို့လား"

ဆရာအောင်ရဲ့စကားကြောင့် မိုးကြိုးမျက်နှာ မှုန်သုန်သွားပြီး ...

"ဟာ မိတ်ဆွေကလည်း ကျုပ်က နတ်ကဝေဆိုပေမဲ့ လူသားတွေကို ဒုက္ခ မပေးပါဘူး"

"ထားပါတော့လေ ဒါဖြင့် ကျုပ်တို့ အရှေ့ဘက်ကို ခရီးဆက်ကြတာပေ့ါ"

"ကောင်းပါပြီ"

မိုးကြိုးလည်း အားရဝမ်းသာနဲ့ထကာ ဆရာအောင် အနောက်ကို လိုက်လာခဲ့လေ၏။

ဒီလိုနဲ့ နှစ်ယောက်သား ခရီးဆက်လာတာ မွန်းတည့်ချိန်လောက်ကို ရောက်တော့ သာယာလှပတဲ့ ရွာလေးတစ်ရွာရဲ့အပြင်က ဇရပ်မှာ ခေတ္တနားနေကြတယ်။

အဲဒီလိုနားနေရင်းနဲ့ ဇရပ်အနားကို လူတစ်ယောက် ရောက်လာတယ်။ လူရဲ့မျက်နှာက ခက်ထန်တင်းမာနေပြီး မျက်လုံးတွေကလည်း မြွေဟောက်အလား နီရဲနေ၏။ အဲဒီလူက ဆရာအောင်တို့ကို ဒေါသထွက်နေတဲ့ မျက်လုံးနဲ့ကြည့်ကာ ...

"ငါ့နယ်ကို အကြောင်းမကြားဘဲဝင်တာ ဘယ်ကကောင်တွေလဲဝေ့"

ခက်ထန်တင်းတဲ့စကားကြောင့် မိုးကြိုး မတ်တတ်ထရပ်လိုက်ပြီး ...

"ဟ ဒီနေရာက လူတွေနေတဲ့နေရာကွ ငါတို့ဘာသာ ဘယ်ချိန် ဘယ်လိုလာလာ မင်းကို အကြောင်းကြားစရာလား"

မိုးကြိုးရဲ့ ခပ်ပြတ်ပြတ်စကားကြောင့် ဇရပ်အရှေ့ကလူ ဒေါသတွေ ထွက်လာပြီး ...

"အောင်မာ ငါ့နယ်ကိုလည်း လာသေးတယ် ငါ့ကိုလည်း စော်ကားသေးတယ် မင်းတို့ နာဖို့သာပြင်"

ထိုလူက အဲဒီလိုပြောပြီး လက်ဖဝါးထဲကနေ အနက်ရောင် စက်တန်းတစ်ခုကိုထုတ်ပြီး ပစ်လိုက်တယ်။ မိုးကြိုးက သူ့ဆီဝင်လာတဲ့စက်တန်းကို သူ့ရဲ့စက်နဲ့ထုတ်ကာ ပြန်ကာပစ်လိုက်၏။ အဲဒီအခါ"ဝုန်း"ဆိုတဲ့အသံနဲ့အတူ စက်တန်းနှစ်ခုလုံး ကျိုးထွက်ကုန်၏။ ဆရာအောင်ဝင်မပါဘဲ ကြည့်နေ

တယ်။

နှစ်ယောက်လုံးကလည်း ပညာမြင့်တဲ့သူတွေ ဖြစ်တာကြောင့် ဘေးနားသစ်ပင်က ရက္ခစိုးတောင် ရှောင်ပြေးရတဲ့အထိ တိုက်ပွဲတွေက ပြင်းထန်လာတယ်။ တစ်ကြိမ်မှာတော့ မိုးကြိုးက အဲဒီလူပစ်လိုက်တဲ့စက်ကို ကာရင်းနဲ့ စက်တန်းတစ်ခုကို လှစ်ခနဲပစ်သွင်းလိုက်တယ်။

စက်တန်းရဲ့ လျင်မြန်တဲ့အရှိန်ကြောင့် အဲဒီလူလည်း မကာနိုင်ပဲ အဝေးကို လွင့်စဉ်ထွက်သွား၏။ မကြာပါဘူး ပြန်ထလာပြီးတော့ ပြေးတော့တယ်။ မိုးကြိုးက ခွေးပြေးဝက်ပြေး ပြေးသွားတဲ့လူကိုကြည့်ပြီး အားပါတရရယ်မောနေလေ၏။

ဆရာအောင်က ရယ်မောနေတဲ့ မိုးကြိုးအနားကို သွားပြီး ...

"ခင်ဗျား ပညာလည်း ထက်ပါတယ်"

ဆရာအောင်ရဲ့ချီးကျူးစကားကြောင့် မိုးကြိုးမျက်နှာ စပ်ဖြဲဖြဲနဲ့

"ဟဲဟဲ နည်းနည်းပါးပါး ထက်တာပါဗျာ မိတ်ဆွေပညာလောက်တော့ ဘယ်ထက်မလဲ"

"ဟုတ်ပါပြီ ထားပါတော့လေ"

ဆရာအောင်နဲ့မိုးကြိုး စကားပြောနေစဉ် ဇရပ်အနားကို နောက်ထပ်လူတစ်ယောက် ယောက်လာပြန်တယ်။ ဒီလူကတော့ အရင်လူလို အန္တရာယ်ပေးမည့်ပုံစံမဟုတ်ဘဲ ဆရာအောင်တို့ကို ခြေဆုံးခေါင်းဆုံးကြည့်ကာ ...

"မိတ်ဆွေတို့က ဆေးဆရာတွေလားဗျ"

"ဟုတ်ပါတယ်ဗျ ဘာကိစ္စများရှိလို့လဲ"

ထိုလူက ဆရာအောင် ဆေးဆရာဟုတ်တယ်လို့ ပြန်ဖြေလိုက်တော့ မျက်နှာဝင်းလက်သွားပြီး ...

"ဒါဆို အခန့်သင့်လိုက်လေဗျာ ကျုပ်တို့ရွာက အိမ်တစ်အိမ်မှာ ကောင်မလေးတစ်ယောက် ပယောဂကပ်လို့ အဲဒါ လိုက်ကြည့်ပေးလို့ရမလား"

ပယောဂဆိုတဲ့စကားကြောင့် ဆရာအောင်နဲ့မိုးကြိုး အကြည့်ချင်းဆုံသွားပြီး ပြိုင်တူပြုံးကာ ခေါင်းညိတ်ပြလိုက်၏။ အဲဒီလူကလည်း ဆရာအောင်တို့ လက်ခံမှန်းသိတော့ သူ့အနောက်ကနေ လိုက်ခဲ့ရန်ပြောကာ အရှေ့ကနေ အားရဝမ်းသာတဲ့ခြေလှမ်းတွေနဲ့ လျှောက်သွားလေ၏။

ဒီလိုနဲ့ အတန်ကြာ လျှောက်လှမ်းပြီး ရွာတစ်ရွာထဲကို ဝင်လာခဲ့ကြတယ်။ ရွာလယ်လောက်ကိုရောက်တော့ ရေနံကြီးဝနေအောင် သုတ်ထားတဲ့ အိမ်တစ်အိမ်အရှေ့ကို ရောက်လာခဲ့ကြ၏။ အရှေ့မှ ဦးဆောင်လာတဲ့လူကြီးက ဆရာအောင်တို့ကို အိမ်အပေါ်ထပ်ကို တက်ရန် ဖိတ်ခေါ်ကာ တက်သွားလေ၏။

အပေါ်ထပ်မှာတော့ ရွာသူရွာသားတွေနဲ့ ပြည့်ကျပ်နေပြီး သူတို့နဲ့မနီးမဝေးက တစ်နေရာမှာ လဲလျောင်းနေတဲ့နေတဲ့ မိန်းကလေးတစ်ယောက်လည်း ရှိ၏။ မိန်းကလေးက အသက် နှစ်ဆယ်ဝန်းကျင်မျှသာရှိပြီး ချောမောလှပတဲ့ရုပ်ရည်ရှိ၏။

ဆရာအောင်က ခေါင်းရင်းရဲ့တစ်နေရာမှာ ဝင်ထိုင်ပြီး ...

"ဟဲ့ စုန်းမ နင့်ကိုငါ မြင်ရတယ် ဝင်ခဲ့စမ်း"

အဲဒီလိုပြောပြီး ကြမ်းပြင်ကို လက်နဲ့ပုတ်လိုက်၏။ ဆရာအောင် အစွဲကို ကြိုတင် မြင်ထားပုံရတယ်။ ဆရာအောင် အစွဲခေါ်သွင်းလိုက်တော့ လဲလျောင်းနေတဲ့ မိန်းကလေးက ထလာပြီး ဆရာအောင်အရှေ့မှာ ဝင်ထိုင်လိုက်တယ်။

"ရောက်လာပြီလား ဘုရားကို ဦးတိုက်"

ဆရာအောင် ပြောပေမဲ့ အစွဲမလျှော့ပ်မယုက် ငြိမ်သက်ကာ ဆရာကို ပမာမခန့် လုပ်နေတယ်။

"ဟဲ့ နင့်ကိုပြောနေတာ မကြားဘူးလား"

"ဆရာစုတ် နင်ပြောတာ ငါကြားတယ် မတိုက်ချင်လို့ မတိုက်တာ"

"အောင်မာ ငါ့ကိုများ မလေးမစားနဲ့ ဟဲ့ ကြိုးပိုင် ကြိုးနဲ့တုပ်ထား လှံပိုင် ခေါင်းမာတဲ့စုန်းမကို လှံနဲ့ထိုး မသေစေနဲ့"

ဆရာအောင် ဂိုဏ်းစောင့် ပုဂ္ဂိုလ်တွေကိုခေါ်ပြီး ပညာပြခိုင်းတော့ စုန်းမ ကြမ်းပြင်မှာ အသံနက်ကြီးနဲ့အော်ကာ လူးလိမ့်နေတယ်။ ဒါပေမဲ့ အခုထိ ခံနိုင်ရည် အားကောင်းလှတယ်။ ဘုရားကို ဦးမတိုက်သေးဘူး။

"ဟဲ့ ဘုရားကို ဦးမတိုက်သေးဘူးလား"

"ငါ ဦးတိုက်မယ် နင့်လူတွေကို ရပ်ခိုင်းလိုက်တော့"

ဆရာအောင်လည်း ပုဂ္ဂိုလ်တွေကို ရပ်ခိုင်းလိုက်တယ်။ အဲဒီတော့မှ စုန်းမ လည်း ဘုရားကို ဦးတိုက်တယ်။

"ဟဲ့ နင် ဒီမိန်းကလေးကို ဘာလို့ ပြုစားထားတာလဲ"

"အမြင်ကတ်လို့ဟေ့ ဒီကောင်မက သူ့ကိုယ်သူ တစ်ရွာလုံးမှာ အချောဆုံး အလှဆုံးဆိုပြီး မာန်တက်နေလို့ အမြင်ကတ်လို့ လုပ်လိုက်တာ"

"ကဲ အဲဒါဆို အခု ငါရောက်လာပြီ နင်လုပ်ထားတာတွေ အကုန်ပြန်သိမ်း သွား နောက်လည်း ဒီမိန်းကလေးနဲ့ ဒီအိမ်သားတွေကို ဒုက္ခထပ်မပေးနဲ့ မဟုတ်လို့ကတော့ ငါ့အကြောင်းသိမယ်"

"အေး နင့်ကို မနိုင်တော့လည်း ထွက်ရတာပေါ့ ဟင်း ... ဟင်း"

"နေဦး သစ္စာရေ သောက်ပြီးမှထွက်"

ဆရာအောင်လည်း အစွဲကို သစ္စာရေတိုက်ကာ ကတိသစ္စာ ပြုခိုင်းလိုက်တယ်။ အစွဲထွက်သွားတော့ မိန်းကလေးလည်း ပြန်သတိရလာ၏။ ဆရာအောင်က မိန်းကလေးကို ရေမန်းတိုက်ကာ အိမ်ပတ်ပတ်လည်ကိုလည်း ရေမန်းများ ဖျန်းပေးခဲ့၏။

အကုန်အစုံ ပြီးစီးအောင်လုပ်ပြီး ဆရာအောင် မိုးကြိုးကိုခေါ်ကာ ပြန်မယ် အလုပ် ...

"ဆရာလေးတို့ မပြန်နဲ့ဦးလေ ကျေးဇူးဆပ်ချင်သေးလို့ ထမင်းစားပြီးမှ ပြန်ပါလား"

နေပါစေတော့ဦးလေး ကျွန်တော်တို့ ကိစ္စလေးတွေ ရှိသေးလို့ ပြန်ခွင့်ပြုပါဦး"

"ဪ ဟုတ်ဆရာလေး လမ်းကြုံရင်လည်း ဝင်လည်ပါ"

"ကောင်းပါပြီ"

ဆရာအောင် မိုးကြိုးကိုခေါ်ကာ ရွာပြင်ကို ပြန်ထွက်လာခဲ့တယ်။ ရွာပြင်ကို ရောက်တော့ ဇရပ်ပေါ်မှာ လူတစ်ယောက် သွေးအန်ပြီး လဲနေတာကို တွေ့ရ၏။ မိုးကြိုးက လဲနေတဲ့လူကို သိပုံရတယ်။ သေချာ စူးစိုက်ကြည့်ပြီး အဲဒီလူအနားကို ပြေးသွားကာ ...

"အဂ္ဂ မင်း ဘာဖြစ်လာတာလဲ"

"အား ... မိုးကြိုး ငါတို့ဂိုဏ်းလည်း ပျက်စီးသွားပြီ မင်းလည်း လွတ်အောင်ပြေးတော့ ဟိုကောင်တွေ မင်းကို လိုက်ရှာနေပြီ သခင်ကြီး သူမသေခင် မင်းကို ဒီဆေးလုံး ပေးသွားတယ် မင်းမျိုချလိုက်"

အဂ္ဂက အဲဒီလိုပြောပြီး အသက်ထွက်သွား၏။ မိုးကြိုးက ဆုံးပါးသွားတဲ့ သူငယ်ချင်းရဲ့အလောင်းကို ကြည့်ကာ ယူကျုံးမရ ငိုချလိုက်တယ်။ ပြီး

တော့ ဆေးလုံးကို မျိုချလိုက်၏။ ဆေးလုံး ဗိုက်ထဲရောက်တာနဲ့ လူလည်း ပေ့ါပါးလန်းဆန်းသွားပြီး မျက်လုံးတွေကလည်း အရောင်လက်လာတယ်။

"အဂ္ဂ အခြေအနေ ဘယ်လိုလဲ"

"အခြေအနေက မကောင်းဘူး ဟိုကောင်တွေ ကျုပ်ကို သတ်ဖို့လိုက်ရှာနေပြီ ဘယ်တတ်နိုင်မလဲဗျာ ရင်ဆိုင်ရမှာပေ့ါ"

ဆရာအောင်က မိုးကြိုးရဲ့စကားကို နားထောင်ပြီး ခေါင်းတညိတ်ညိတ်လုပ်ကာ သက်ပြင်းရှည်ကြီးကို ချလိုက်ပါတော့၏။

***